Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (024/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၂၄/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့မှ ဇူလိုင်လ (၁၀) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ရွေးကောက်ပွဲရန်ပုံငွေရရှိစေရန်အတွက် သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုန်မြို့တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို နေပြည်တော်မှ ယာဉ်ထိန်းရဲများက အခွန်များစွာဒဏ်တပ်၍ လိုင်စင်လာရောက်ပြုလုပ်ပေးနေကြောင်း ဒေသံတစ်ဦး ကပြောသည်။ **(S.H.A.N 060710)** Read More...
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုန်မြို့နယ်အတွင်းတွင် ၂၀၁၀ ရွေးကောက်ပွဲမဲထည့်ပိုင်ခွင့်ရှိသူ အစိုးရဌာနဆိုင်ရာဝန်ထမ်း များစာရင်းအား မြို့နယ် (မယက) က ကောက်ယူနေကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 060710)** Read More...
- ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၌ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် အာဏာပိုင်များက နိုင်ငံသားစိစစ်ရေးကဒ်ပြား ပြုလုပ်ပေးနေသော်လည်း စရိတ်မတတ်နိုင်သူ ဒေသခံအများအပြား ရှိနေကြောင်း ကျေးရွာ ရယက လူကြီးတစ်ဦးက ပြောသည်။ **(Irrawaddy 070710)** Read More...
- သျှမ်းပြည်အတွင်း နိုင်ငံရေးပါတီ ၁၀ ခု ထက်မနည်းရှိသည့်အနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** တစ်ပါတီသာ လွတ်လပ်စွာသွားလာစည်းရုံးဟောပြောခွင့်ရှိကြောင်း အမည်မဖော်လိုသည့် နိုင်ငံရေးပါတီအသိုင်း အဝိုင်းကပြောသည်။ **(S.H.A.N 070710)** Read More...
- မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** က ပါတီဝင်အင်အားပိုမိုတိုးလာစေရန် အတွက် တစ်ရွာလျှင် ၄၀ မှ ၅၀ ဦးအထိ စုစည်းထားရန် ကျေးရွာဥက္ကဋ္ဌများအား တိုက်တွန်းထားသည်ဟု ဒေသခံ တစ်ဦးက ပြောသည်။ **(IMNA 070710)** Read More...
- မွန်ပြည်နယ်တောင်ပိုင်း ရေးမြို့နယ်၊ လမိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း ရယက တို့မှ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးအတွက် အသက် (၁၈) နှစ်ပြည့်သူများစာရင်းကို ယခုရက်ပိုင်းအတွင်း လိုက်လံကောက်ခံနေသည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(IMNA 070710)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း **(USDA)** ကို အခြေခံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** ကို ထူထောင်ထားခြင်းဖြစ်သဖြင့် ရောထွေးမှုမဖြစ်စေရန် နိုင်ငံတော်ပိုင်နှင့်ပုဂ္ဂလိကပိုင်ပစ္စည်းများ သီးခြားခွဲ ထားရန်အတွက် မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးမှ စာရင်းပြုစုပေးနေကြောင်း စာရင်းစစ်ချုပ်ရုံးနှင့်နီးစပ်သူတစ်ဦးကပြော သည်။ **(Irrawaddy 080710)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လူမှုရေးအမည်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံရေးပါတီအသွင်ကိုပြောင်းကာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များဖြစ်ကြောင်း ကြံ့ဖွံ့ (ခေါ်) **USDA** ဒုတိယ ရုံးအဖွဲ့မှူး သူရမြင့်ဦးကပြောသည်။ **(RFA 080710)** **Read More...**
- ရန်ကုန်ရှိ အလယ်တန်းနှင့်အထက်တန်းကျောင်း ဆရာ၊ ဆရာမ ၄၀၀ ခန့်က ရွေးကောက်ပွဲတွင် မဲပေးနိုင်မည့်လူဦးရေစာရင်းကို ကြည့်မြင်တိုင်မြို့ အမှတ် (၃) အခြေခံပညာ ဦးစီးဌာနတွင် ပြုစုပေးနေရကြောင်း ကြည့်မြင်တိုင်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းဆရာမတစ်ဦးကပြောသည်။ **(Mizzima 090710)** **Read More...**, **RFA...**

အတိုက်အခံအဖွဲ့အစည်းများ

(က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဒေါ်မေဝင်းမြင့်နှင့်ရွှေနေဒေါ်ခင်ဌေးကြွယ်တို့သည် အမျိုးသားဒီမိုကရေစီအင်အားစု **(NDF)** က ၎င်းပါတီအမှတ်တံဆိပ်အတွက် အသုံးပြုသည့် ခမောက်ပုံအမှတ်တံဆိပ်မှာ ပြည်သူများအတွက် **NLD** နှင့် ထင်ယောင်ထင်မှားဖြစ်စေနိုင်သောကြောင့် နေပြည်တော်ရွေးကောက်ပွဲကော်မရှင်ထံ တရားဝင်ကန့်ကွက်စာကို ဇူလိုင်လ (၅) ရက်နေ့က တင်သွင်းလိုက်သည်။ **(Irrawaddy 060710)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်ဌေးကြွယ်နှင့် ဒေါက်တာမေဝင်းမြင့်တို့သည် နေပြည်တော် ရွေးကောက်ပွဲကော်မရှင်ထံ အမျိုးသားဒီမိုကရေစီအင်အားစု **NDF** က ခမောက်တံဆိပ် သုံးစွဲမှုကို ကန့်ကွက်စာ သွားရောက်တင်ခဲ့ပြီးနောက် အပြန်တွင် အာဏာပိုင်များ၏ အနှောင့်အယှက်ပြုခြင်းခံခဲ့ရသည်။ **(RFA 060710)** **Read More...**
- နိုင်ငံရေးအကျဉ်းသား ၆၀၇ ဦး၏ မိသားစုများအား ထောက်ပံ့ရန်အတွက် ကျပ်ငွေ ၂၅ သိန်းခွဲခန့်ကို အတိုက်အခံပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဗဟိုက တိုင်း/ပြည်နယ်အဖွဲ့ဝင်များထံ ဇူလိုင်လ (၅) ရက်နေ့က လွှဲပြောင်းပေးအပ်လိုက်သည်။ **(Mizzima 060710)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်တို့ဦးဆောင်သောအဖွဲ့သည် ဇူလိုင်လ (၆) ရက်နေ့က နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသော ကိုမင်းဇေယျ၊ ကိုသက်ဇော်၊ ကိုသော်ဇင်ထွန်း၊ မလေးလေးမွန်နှင့် ကိုဉာဏ်လင်းတို့၏ မိသားစုများနေအိမ်သို့ သွားရောက်အားပေးစကားပြောခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းအချို့ ပေးအပ်ခဲ့သည်။ **(DVB 060710)** **Read More...**, **RFA...**
- ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) နှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးလူထုလှုပ်ရှားမှုကော်မတီတို့က ဗကသ ဖြိုခွင်းခံရသည့် ၇ ရက်၊ ဇူလိုင် အထိမ်းအမှတ်လှုပ်ရှားမှုများအဖြစ် ပြည်တွင်း၌ လက်ကမ်းစာစောင်များ၊ ပို့စကဒ်များနှင့် စာတိုက်မှတဆင့် ဖြန့်ဝေမှုများ ပြုလုပ်ခဲ့ကြသည်။ **(Irrawaddy 070710)** **Read More...**, **RFA...**
- ယခုနှစ်အတွင်း နအဖစစ်အစိုးရ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို မဲမပေးပဲ သပိတ်မှောက်ကြပါရန် ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုများက ကျောင်းသားသမဂ္ဂအဆောက်အအုံဖြိုခွင်းခံခဲ့ရသည့် ၄၈ နှစ်မြောက်နေ့တွင် ပြည်သူလူထုအား ပန်ကြားတောင်းဆိုလိုက်သည်။ **(DVB 070710)** **Read More...**

(ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** မှ တပ်မဟာ ၉၉၉ ဗျူဟာမှူး ဗိုလ်မှူးကြီးစောချစ်သူက ကရင်အချင်းချင်း တိုက်ခိုက်ခြင်းများ မပြုလုပ်တော့ဟုပြောဆိုမှုသည် စစ်ရေးလှည့်ကွက်သာဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး **KNU** က တုန့်ပြန်ပြောဆိုလိုက်သည်။ **(Mizzima 060710)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လက်နက်ကိုင် ကရင်အဖွဲ့ (၂) ဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး **KNU** နှင့် တိုးတက်သော ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော် **DKBA** တို့သည် နှစ်ဖက်အပစ်အခတ်ရပ်စဲကြရန်အတွက် ဇွန်လနောက်ဆုံးအပတ်က နှစ်ဖက် အောက်ခြေတပ်များအကြား ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ **(VOA 050710)** **Read More...**

## (ခ) ပြည်ပအင်အားစုများ

- မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) **HREIB** က ဦးစီးရေးသားပြုစု၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း **AAPP**၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ **BLC** နှင့် တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် လူ့အခွင့်အရေးအဖွဲ့ ၁၃ ဖွဲ့က လက်မှတ်ရေးထိုးကာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ ဇူလိုင်လ (၅) ရက်နေ့က တင်သွင်းလိုက်သည်။ **(RFA 060710)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- နအဖ၏ ပြည်သူ့စစ်အသွင်ပြောင်းရေးကို လက်ခံထားသော အပစ်ရပ်သျှမ်းပြည်တပ်မတော် **(SSA)** အချို့အား တရုတ်နယ်စပ်အနီး ထုန့်မောင်း (ခေါ်) ရွှေလီချိုင့်ဝှမ်းဒေသတွင် တပ်ရင်းတစ်ရင်းစုဖွဲ့ထားရှိရန် နအဖ စစ်တပ် အာဏာပိုင်များကညွှန်ကြားထားသဖြင့် ပြည်သူ့စစ် (သို့) နယ်ခြားစောင့်တပ်ရင်းတစ်ရင်း စုဖွဲ့လှုပ်ရှားလာဖွယ် ရှိကြောင်း အပစ်ရပ် အသိုင်းအဝိုင်းမှဆိုသည်။ **(S.H.A.N 050710)** **Read More...**
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် သဘောတူထားသည့် သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) **(SSA-N)** ဥက္ကဋ္ဌ ဗိုလ်ချုပ်လွယ်မောဝ်း၏တပ်ဖွဲ့ဝင်အချို့သည် ဇူလိုင်လ (၅) ရက်နေ့က ဒု–ဗိုလ်ချုပ်ကြီးရွက်ဆစ်ဦးဆောင်သည့် သျှမ်း ပြည်တပ်မတော် (တောင်ပိုင်း) **(SSA-S)** သို့ လာရောက်ပူးပေါင်းခဲ့ကြောင်း **SSA-S** မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး စိုင်းလောင်ဆိုင်းကပြောသည်။ **(Irrawaddy 060710)** **Read More...**
- မွန်ပြည်သစ်ပါတီသည် လွန်ခဲ့သည့် ဧပြီလက ပိတ်ထားခဲ့သည့် မြို့ပေါ်ရုံးအကုန်လုံးနီးပါးကို ပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ **NMSP** ဗဟိုအလုပ်အမှုဆောင် နိုင်ဟံသာဘွန်ခိုင်ကပြောသည်။ **(DVB 060710)** **Read More...**
- ပြည်သူ့စစ်အသွင်ပြောင်းရေးလက်မခံသည့် အပစ်ရပ်သျှမ်းပြည်တပ်မတော် **SSA-N** တပ်မဟာ ၁ ထိန်းချုပ်နယ် မြေအတွင်းရှိကျေးရွာများတွင် နအဖအာဏာပိုင်များက ပြည်သူ့စစ်အတင်းအဓမ္မထပ်မံကောက်ခိုင်း၍ လက်နက် များထပ်မံတပ်ဆင်ပေးနေကြောင်း တန့်ယန်းမြို့ခံတစ်ဦးကပြောသည်။ **(S.H.A.N 070710)** **Read More...**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ **PDP** သည် မြောက်ဥက္ကလာပမြို့နယ်တွင် လွန်ခဲ့သည့်ရက်ပိုင်းက ပါတီရုံးခွဲဖွင့် ပွဲနှင့် ပါတီဝင်သစ်များစည်းရုံးခြင်း အခမ်းအနားတစ်ရပ်အား ပြုလုပ်ခဲ့ရာ နယ်မြေခံရဲအထူးသတင်းတပ်ဖွဲ့နှင့် စစ်ဖက်ရေးရာလုံခြုံရေး (စရဖ) အဖွဲ့ဝင်များအပြင် လုံထိန်းကားများပါ ရောက်ရှိလာသဖြင့် ပါတီဝင်အသစ် ဖြစ်ရန်စည်းရုံးထားသူများ ရှောင်ပြေးကုန်သည်ဟု **PDP** အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေကပြောသည်။ **(Irrawaddy 060710)** **Read More...**
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများထဲမှ မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေး ပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့က ပါတီဝင်စာရင်းတင်ပြထားပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာလိုက်သည်။ **(DVB 060710)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၀၈ ဖွဲ့စည်းပုံနှင့်အညီ ၂၀၁၀ ရွေးကောက်ပွဲကျင်းပမည်ဆိုပါက ပြည်သူ့လွှတ်တော်ခေါ်ယူရေးဆိုင်ရာ အခန်းကဏ္ဍသည် လစ်ဟာချက်များရှိနေသည့်အပေါ် ပြန်လည်စိစစ်သုံးသပ်ပေးရန် ပြည်ထောင်စုဒီမိုကရေစီပါတီ **(UDP)** က တောင်းဆိုလိုက်ကြောင်း ပါတီဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းကပြောသည်။ **(DVB 070710) Read More...**
- နိုင်ငံရေးပါတီများ၏ စည်းရုံးရေးခရီးစဉ်များတွင် စစ်အစိုးရအာဏာပိုင်များက လိုက်လံစောင့်ကြပ်နေခြင်းကြောင့် ရွေးကောက်ပွဲအကြိုကာလတွင် နိုင်ငံရေးပါတီများမှ နိုင်ငံရေးမှူးများနှင့် ပြည်သူလူထုများအကြား လွတ်လွတ်လပ်လပ်မဆွေးနွေးရဲပဲဖြစ်နေသည်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) **DPM** ဥက္ကဋ္ဌ ဦးသုဝေကပြောသည်။ **(NEJ 080710) Read More...**
- စစ်အစိုးရ ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ (၃၆) ပါတီကို မှတ်ပုံတင်ခွင့်ပြုလုပ်ပြီးနောက် ရခိုင်ပြည်နယ်တွင် မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေးပါတီ (ယခင် ၁၉၉၀ ရွေးကောက်ပွဲဝင် ပါတီဟောင်း)၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ မြိုတိုင်းရင်းသားပါတီ၊ ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစု၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (မွတ်စလင်ဘာသာဝင်များပါတီ) များအပါအဝင် ကြံ့ဖွံ့ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ခေတ်သစ်ပြည်သူ့ပါတီစသည့် ပါတီ (၁၀) ပါတီ လှုပ်ရှားနေသည်။ **(NEJ 080710) Read More...**
- ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ **UMFMP** သည် ဇွန်လ (၁၈) ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ စျေးတစ်ခုတွင် ပါတီအတွက် ရန်ပုံငွေများအလှူခံခဲ့သဖြင့် စည်ပင်သာယာနည်းဥပဒေ နှင့်တရားစွဲဆိုရန် ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ (အရှေ့ပိုင်းခရိုင်) အာဏာပိုင်များက ဇူလိုင်လ (၇) ရက်နေ့၌ ဆင့်ခေါ်ထားကြောင်း ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးအေးလွင်ကပြောသည်။ **(Irrawaddy 080710) Read More..., Mizzima..., DVB...**
- ဇွန်လဆန်းပိုင်းမှစ၍ သျှမ်းပြည်အနှံ့ မြို့နယ်ကော်မတီရုံးခွဲများ ဆက်တိုက်ဖွင့်လှစ်ခဲ့သည့် သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** အနေဖြင့် "ပါတီဝင်အရေအတွက်ပြည့်ဖို့က ကျနော်တို့အတွက် သိပ်စိတ်မပူရဘူး၊ လူထုရဲ့စစ်မှန်တဲ့နှလုံးသားရဖို့ အရေးကြီးတယ်၊ အရေအတွက်ထက် အရည်အသွေးက ပိုအရေးကြီးတယ်လို့ ကျနော်မြင်တယ်" ဟု ပါတီဝင်တစ်ဦးကပြောသည်။ **(S.H.A.N 080710) Read More...**
- ၂၀၁၀ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ချင်းတိုးတက်ရေးပါတီ **(CPP)** က မြို့နယ်အဆင့် အလုပ်အမှုဆောင်ကော်မတီများကို ဇွန်လ ၂၉ ရက်နေ့က ချင်းပြည်နယ် ဖလမ်းမြို့ **CPP** ရုံးတွင် အစည်းအဝေးတစ်ရပ်ကျင်းပကာ ဖလမ်းမြို့နယ်အလုပ်အမှုဆောင်ကော်မတီ (၁၁) ဦး၊ အီးစီအဖွဲ့ဝင် (၁၇) ဦး ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်တာဝန်ခံ ၂ ဦးနှင့် နာယက ၂ ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။ **(Khonumthung 080710) Read More...**
- ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားသည့် ကရင်ပြည်သူ့ပါတီ **(KPP)** က ယခုရက်ပိုင်း၌ ကယားပြည်နယ်အတွင်း စည်းရုံးရေးဆင်းရန် ပြုလုပ်နေချိန်တွင် ကရင်နီပြည်သူများက ၎င်းတို့ပါတီ၏ စည်းရုံးမှုကို လက်မခံကြောင်း **KPP** နှင့်နီးစပ်သူတစ်ဦးကပြောသည်။ **(KIC 080710) Read More...**
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် ပါတီမှတ်ပုံတင်ကြေး၊ လွှတ်တော်ကိုယ်စားလှယ်ကြေး၊ ပါတီစာစောင် ရေးသားထုတ်ဝေခွင့်ကြေးများ အပါအဝင်နိုင်ငံအဝှမ်း စည်းရုံးရေးခရီးစဉ် ကုန်ကျစရိတ်များပြားလွန်းခြင်း၊ တင်းကျပ်လွန်းသည့် လူထုစည်းရုံးရေးစည်းကမ်းချက်များကြောင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ အမျိုးသားဒီမိုကရေစီအင်အားစု **(NDF)**၊ ရခိုင်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီတို့နှင့် ပြည်ထောင်စု ဒီမိုကရေစီပါတီတို့က မဟာမိတ်အဖြစ် ပူးပေါင်းရန်ပြင်ဆင်နေသည်ဟု ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းကပြောသည်။ **(NEJ 090710) Read More..., Mizzima...**
- ၂၀၁၀ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ)၏ အဓိကပြိုင်ဘက်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) ဖြစ်ကြောင်း **DPM** ဥက္ကဋ္ဌ ဦးသုဝေက ဇူလိုင်လ ၉ ရက်နေ့ တွင်ပြောကြားလိုက်သည်။ **(Irrawaddy 090710) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဟောင်းများဖြစ်သည့် ဦးခင်မောင်ဆွေနှင့်ဒေါက်တာသန်းငြိမ်းဦးဆောင်သော အမျိုးသားဒီမိုကရေစီအင်အား **(NDF)** ကို စစ်အစိုးရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် ဇူလိုင်လ ၉ ရက်နေ့က မှတ်ပုံတင်ခွင့်ပြုလိုက်သည်။ **(RFA 100710) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိရေးအတွက် ပြင်ဆင်နေသည့်အဖွဲ့များ

- နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကချင်ပြည်နယ်တိုးတက်ရေးပါတီ **KSPP** ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ချမပေးသေးသည့်အပေါ် **KSPP** ခေါင်းဆောင်များက မြစ်ကြီးနားမြို့တွင် ဇူလိုင်လ ၃ ရက်နေ့က ပြည်သူလူထုအား ရှင်းလင်းပြောကြားခဲ့သည်။ **(DVB 060710)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- ကျောင်းကားခများ (၂) ဆမြင့်တက်နေသဖြင့် စစ်တွေမြို့ နည်းပညာတက္ကသိုလ်ကျောင်းသား (၃၀၀) ကျော်သည် ဇူလိုင်လ (၅) ရက်နေ့က ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြကြောင်း ချီတက်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူကျောင်းသားတစ်ဦးကပြောသည်။ **(NEJ 060710)** **Read More...**, **Irrawaddy...**, **RFA...**
- နအဖစစ်အစိုးရ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မပါဝင်ကြရန် မူဆယ်၊ နမ့်ခမ်းမြို့နယ်အတွင်း လျှို့ဝှက်စာဖြန့်ဝေမှုများရှိနေကြောင်း မူဆယ်မြောက်ရပ်ကွက်နေ စိုင်းနွံမောဝ်းကပြောသည်။ **(S.H.A.N 100710)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### အစိုးရများ

- ကမ္ဘာတလွှားရှိ မြန်မာနိုင်ငံအပါအဝင် သဘောထားတင်းမာသော အစိုးရများသည် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကပါဝင်နေသော တက်ကြွလှုပ်ရှားသူများနှင့်အားပေးထောက်ခံသူများကို "တဖြည်းဖြည်းချင်း ချေမှုန်းဖျက်ဆီးနေခြင်း" ဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Hillary Clinton** က ဝေဖန်လိုက်သည်။ **(Irrawaddy 070710)** **Read More...**
- ဇူလိုင်လ (၆) ရက်နေ့က ကျင်းပသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ စစ်ပွဲနှင့်ပဋိပက္ခများအတွင်း အရပ်သားများအပေါ် အကာအကွယ်ပေးမှုဆိုင်ရာ ဆွေးနွေးပွဲ၌ ဗြိတိန်အစိုးရက မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူနည်းစု အရပ်သားများအပေါ်တွင် စစ်တပ်ကပစ်မှတ်ထား တိုက်ခိုက်နေမှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။ **(VOA 070710)** **Read More...**
- ဇူလိုင်လ (၇) ရက်နှင့် (၈) ရက်နေ့က မလေးရှား အထက်လွှတ်တော်နှင့်အောက်လွှတ်တော်တွင် ပြုလုပ်ခဲ့သည့် မြန်မာ့ရွေးကောက်ပွဲ အတွေ့အကြုံကြားနာပွဲတစ်ရပ် ကျင်းပခဲ့အပြီးတွင် နအဖ ၂၀၁၀ ရွေးကောက်ပွဲအား ရှုတ်ချသွားရန် မလေးရှားလွှတ်တော်အမတ်များက မလေးရှား အစိုးရကို တိုက်တွန်းသွားမည်ဟု ဇူလိုင်လ ၈ ရက်နေ့က ပြောကြားလိုက်သည်။ **(NEJ 090710)** **Read More...**
- မြန်မာနိုင်ငံတွင် ကျင်းပမည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အီတလီအစိုးရအနေဖြင့် မျက်ခြေမပြတ် စောင့်ကြည့်နေကြောင်း ဇူလိုင်လ ၉ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်လာရောက်တွေ့ဆုံခဲ့သည့် အီတလီဒုတိယသံအမတ်ကြီး မိစ်အင်ဒီဂျီနာက ပြောကြားလိုက်သည်။ **(RFA 090710)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



***End of report/ Saturday, July 10, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

မိတ်ဆွေများခင်ဗျား-

မိမိတို့ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD)၊ မှတ်တမ်းတင်နှင့်သုတေသနဌာနအနေဖြင့် မြန်မာနိုင်ငံနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျသိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းများတို့၏ အဖွဲ့အစည်းမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မှတ်တမ်းတင်နှင့်သုတေသနဌာန
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု